# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၃၀) ရက်မြောက်နေ့အစီအစဉ်

# ( ၂၇ – ၇ –၂၀၂၆ ) (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမောင်ရွှေ၊ လွိုင်ကော်မဲဆန္ဒနယ်၏ **ကယားပြည်နယ်အတွင်းရှိ (၅)နှစ် ကျော်သက်တမ်းလွန် မော်တော်ကားနှင့် ဆိုင်ကယ်တို့အား ယာဉ်လိုင်စင် သက်တမ်း ပြန်လည်တိုးပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးမိုးလောင်ဝီး၊ လဟယ်မဲဆန္ဒနယ်၏ **လဟယ်မြို့နယ်တွင် ဆက်သွယ်ရေး ဖုန်းလိုင်းများ အချိန်ပြည့်ရရှိရေး၊ အင်တာနက်လိုင်းများ ပြန်လည်ရရှိရေးနှင့် နည်းပညာကျွမ်းကျင်သည့် ဆက်သွယ်ရေးတာဝန်ခံတစ်ဦး ခန့်အပ်ပေးရေး သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါ်စမ်းစမ်းငွေ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်၏ **ပညာရေးဝန်ထမ်း ဆရာ/ဆရာမများအား ထိုက်သင့်သောချီးမြှင့်ငွေ သို့မဟုတ် လစာတိုးမြှင့် ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက် မည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးငြိမ်းထွေး၊ အင်းစိန်မဲဆန္ဒနယ်၏ **အင်းစိန်မြို့နယ်၊ ရပ်ကွက်များတွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် မည်သို့စီမံဆောင်ရွက်မည်နှင့် အခြားနည်းဖြင့် ဆောင်ရွက်သွားမည့် အစီအမံ ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးတင်ရွှေ၊ ရွှေတောင်မဲဆန္ဒနယ်၏ **ရွှေတောင်မြို့နယ်ရှိ ဉာဏ်တော်ကြီးကျေးရွာနှင့် ဉာဏ်ကံကြီးကျေးရွာပေါင်းချုပ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးနိုင်ဝင်း၊ ဓနုဖြူမဲဆန္ဒနယ်၏ **ဓနုဖြူမြို့နယ်ရှိ ဆကာကြီးကျေးရွာမှ သဲဖြူကျေးရွာ မဲဇလီတံတားထိပ်ထိ ကွန်ကရစ်လမ်းပိုင်းအား အဆင့်မြှင့်တင်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးလှခိုင်၊ ဇလွန်မဲဆန္ဒနယ်၏ **ဇလွန်မြို့နယ်၊ ထုံးတပို- ရေလဲ- မြစ်ဝ- ရေတွင်းကုန်း အထွင့်လမ်းအား ၂၀၂၉ - ၂၀၃၀ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်နိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၁) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။